# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

## ၁၉၆၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

## [၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၀။]

## ၁၃၂၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊

## (၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အောက်ဖော်ပြပါ ဥပဒေကိုထုတ်ပြန် ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၃ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေခွဲ ဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရ မည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖော်ပြ ပါတာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာတော်ငွေ များမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲ ဖော်ပြထား သောဇယားတွင် ဖော်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံး သည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက်ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာတော်ငွေအမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံ။ | ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာတော် ငွေများ။ | ၁၉,၄၆,၀၅,၀၆၀ | နောက်ဆက်တွဲ ဇယား (က)။ |
| ၂ | ရှမ်းပြည်နယ်ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၃, ၆၆,၆၁၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | ကချင်ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။ | ၁, ၆၇, ၆၀၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| ၄ | ကယားပြည်နယ်ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၁၀,၀၃၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကရင်ပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများ။ | ၃၈,၀၂၀ | နောက်ဆက်တွဲ ဇယား(င)။ |

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲ ဝေသုံးစွဲခြင်းသည်၊ ၁၉၆၃ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ(၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည် ဟူ၍မှတ်ယူရမည်။

၃။ ။ (၁) ၁၉၆၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၊ စုစုပေါင်းကျပ်ငွေ ၅၀ ကုဋေထက်မပိုသောငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ် စေ၊ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကလည်း ထိုနှစ် အတွင်းထိုကိစ္စများကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေ ချေးသောကိစ္စအတွက်ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ မိမိသင့်သည် ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ်အခြားနည်း စီမံရန်စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤဥပဒေအရထုတ် ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့် အတိုးကိုင်း၊ ထို အာမခံစာချုပ်များထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုင်း၊ ပြည်ထောင်စု နိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ငွေချေးယူခြင်းသည်၊ ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့် ငွေချေးယူခြင်းအပြင် နောက်ထပ်ငွေချေးယူခြင်း ဖြစ်သည်ဟူ၍မှတ်ယူရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်။

(၁၉၆၃ ခုနှစ်၊ စက်တဘ်ာလ ၂၆ ရက်။)

Myanmar Law Information System (MLIS)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။
[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။
[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။
[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ကယားပြည်နယ် ၏ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။
[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

Myanmar Law Information System (MLIS)